ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်

# (၆)လ အမျိုးသားစီမံကိန်းဥပဒေ

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် ၂၆ /၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉) ရပ်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၆) လ ကာလအတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုး

ရေး နည်းပညာကိုအခြေခံသော စက်မှု လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **၆ လ စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှုအပေါ် အခြေခံ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ဆောင်ရွက်မည့် စီမံကိန်း ရည်မှန်းချက်များဖြစ်သည်။

(ဃ) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကိုဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်စျေးနှုန်းအရ ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၅.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇.၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၅.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၅.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၄.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၄.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၂.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၀.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၂.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၃.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄.၀ ရာခိုင်နှုန်းမှ ၂၃.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၂ ရာခိုင်နှုန်းမှ ၃၈.၂ ရာခိုင်နှုန်း သို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈.၈ ရာခိုင်နှုန်းမှ ၃၈.၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၅၅၉.၉၁၉ ဘီလီယံရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၈,၂၀၀.၀ သန်း တင်ပို့ရန် နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၈,၈၀၀.၀ သန်း တင်သွင်းရန်၊

## အခန်း(၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသောစီမံကိန်းများသည် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများ ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါ စီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

ဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံး ညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ(၆)လ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီး လိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်း ဘဏ္ဍာအတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ် အမျိုးသား စီမံကိန်းတွင် ထည့်သွင်း ဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း

ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျှာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပူးတွဲ-၁

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၃,၈၅၁,၀၈၁.၈** | **၂၅.၂** | **-၀.၈** | **၁၄,၁၉၆,၂၇၈.၈** | **၂၄.၉** | **၂.၅** |
| | ၁ | လယ်ယာ | ၉,၇၂၈,၄၉၄.၄ | ၁၇.၇ | -၁.၉ | ၉,၉၅၆,၀၇၀.၃ | ၁၇.၄ | ၂.၃ |
| | ၂ | သားငါး | ၄,၀၉၃,၀၃၆.၈ | ၇.၄ | ၂.၂ | ၄,၂၁၄,၄၃၆.၅ | ၇.၄ | ၃.၀ |
| | ၃ | သစ်တော | ၂၉,၅၅၀.၆ | ၀.၁ | -၂၂.၃ | ၂၅,၇၇၂.၀ | ၀.၁ | -၁၂.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၉,၆၀၄,၄၆၈.၉** | **၃၅.၆** | **-၁၁.၆** | **၂၀,၄၅၃,၆၃၁.၃** | **၃၅.၈** | **၄.၃** |
| | ၁ | စွမ်းအင် | ၁,၄၅၈,၆၉၈.၈ | ၂.၇ | -၅.၈ | ၁,၄၁၅,၆၉၉.၅ | ၂.၅ | -၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၀၈,၀၉၅.၆ | ၀.၇ | -၁၉.၃ | ၄၄၆,၉၃၇.၁ | ၀.၈ | ၉.၅ |
| | ၃ | စက်မှုလက်မှု | ၁၄,၂၄၄,၈၅၅.၁ | ၂၅.၉ | -၁၀.၇ | ၁၄,၉၇၉,၂၀၉.၀ | ၂၆.၂ | ၅.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၇၁,၃၂၈.၂ | ၁.၂ | ၀.၃ | ၇၃၇,၃၂၄.၃ | ၁.၃ | ၉.၈ |
| | ၅ | ဆောက်လုပ်မှု | ၂,၈၂၁,၄၉၁.၂ | ၅.၁ | -၁၉.၁ | ၂,၈၇၄,၄၆၁.၄ | ၅.၀ | ၁.၉ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၁,၆၀၄,၇၇၁.၃** | **၃၉.၂** | **-၉.၈** | **၂၂,၄၇၆,၁၇၆.၀** | **၃၉.၃** | **၄.၀** |
| | ၁ | ပို့ဆောင်ရေး | ၅,၂၃၈,၉၃၁.၄ | ၉.၅ | -၁၉.၆ | ၅,၅၄၅,၁၈၆.၁ | ၉.၇ | ၅.၈ |
| | ၂ | ဆက်သွယ်ရေး | ၁,၃၁၀,၁၀၇.၃ | ၂.၄ | ၅.၇ | ၁,၂၁၃,၃၄၉.၄ | ၂.၁ | -၇.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၆၈,၁၈၃.၀ | ၀.၃ | -၁၉.၂ | ၁၈၉,၁၉၅.၁ | ၀.၃ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၆၅၈,၇၉၉.၃ | ၃.၀ | ၀.၈ | ၁,၆၆၃,၉၂၈.၈ | ၂.၉ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၄၂၈,၁၈၈.၁ | ၂.၆ | -၁၀.၈ | ၁,၄၈၇,၆၀၁.၈ | ၂.၆ | ၄.၂ |
| | ၆ | ကုန်သွယ်မှု | ၁၁,၈၀၀,၅၆၂.၂ | ၂၁.၄ | -၇.၄ | ၁၂,၃၇၆,၉၁၄.၈ | ၂၁.၇ | ၄.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၅,၀၆၀,၃၂၂.၀** | **၁၀၀.၀** | **-၈.၄** | **၅၇,၁၂၆,၀၈၆.၁** | **၁၀၀.၀** | **၃.၈** |

ပူးတွဲ-၂

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၃,၄၅၅,၅၅၀.၇** | **၆၀.၈** | **-၇.၄** | **၃၄,၆၄၉,၉၁၀.၁** | **၆၀.၇** | **၃.၆** |
| | ၁ | လယ်ယာ | ၉,၇၂၈,၄၉၄.၄ | ၁၇.၇ | -၁.၉ | ၉,၉၅၆,၀၇၀.၃ | ၁၇.၄ | ၂.၃ |
| | ၂ | သားငါး | ၄,၀၉၃,၀၃၆.၈ | ၇.၄ | ၂.၂ | ၄,၂၁၄,၄၃၆.၅ | ၇.၄ | ၃.၀ |
| | ၃ | သစ်တော | ၂၉,၅၅၀.၆ | ၀.၁ | -၂၂.၃ | ၂၅,၇၇၂.၀ | ၀.၁ | -၁၂.၈ |
| | ၄ | စွမ်းအင် | ၁,၄၅၈,၆၉၈.၈ | ၂.၇ | -၅.၈ | ၁,၄၁၅,၆၉၉.၅ | ၂.၅ | -၂.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၀၈,၀၉၅.၆ | ၀.၇ | -၁၉.၃ | ၄၄၆,၉၃၇.၁ | ၀.၈ | ၉.၅ |
| | ၆ | စက်မှုလက်မှု | ၁၄,၂၄၄,၈၅၅.၁ | ၂၅.၉ | -၁၀.၇ | ၁၄,၉၇၉,၂၀၉.၀ | ၂၆.၂ | ၅.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၇၁,၃၂၈.၂ | ၁.၂ | ၀.၃ | ၇၃၇,၃၂၄.၃ | ၁.၃ | ၉.၈ |
| | ၈ | ဆောက်လုပ်မှု | ၂,၈၂၁,၄၉၁.၂ | ၅.၁ | -၁၉.၁ | ၂,၈၇၄,၄၆၁.၄ | ၅.၀ | ၁.၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉,၈၀၄,၂၀၉.၁** | **၁၇.၈** | **-၁၂.၅** | **၁၀,၀၉၉,၂၆၁.၂** | **၁၇.၆** | **၃.၀** |
| | ၁ | ပို့ဆောင်ရေး | ၅,၂၃၈,၉၃၁.၄ | ၉.၅ | -၁၉.၆ | ၅,၅၄၅,၁၈၆.၁ | ၉.၇ | ၅.၈ |
| | ၂ | ဆက်သွယ်ရေး | ၁,၃၁၀,၁၀၇.၃ | ၂.၄ | ၅.၇ | ၁,၂၁၃,၃၄၉.၄ | ၂.၁ | -၇.၄ |
| | ၃ | ငွေရေးကြေးရေး | ၁၆၈,၁၈၃.၀ | ၀.၃ | -၁၉.၂ | ၁၈၉,၁၉၅.၁ | ၀.၃ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၆၅၈,၇၉၉.၃ | ၃.၀ | ၀.၈ | ၁,၆၆၃,၉၂၈.၈ | ၂.၉ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၄၂၈,၁၈၈.၁ | ၂.၆ | -၁၀.၈ | ၁,၄၈၇,၆၀၁.၈ | ၂.၆ | ၄.၂ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၁,၈၀၀,၅၆၂.၂** | **၂၁.၄** | **-၇.၄** | **၁၂,၃၇၆,၉၁၄.၈** | **၂၁.၇** | **၄.၉** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၅,၀၆၀,၃၂၂.၀** | **၁၀၀.၀** | **-၈.၄** | **၅၇,၁၂၆,၀၈၆.၁** | **၁၀၀.၀** | **၃.၈** |

ပူးတွဲ-၃

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## ( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၂၀၅,၇၀၃.၇ | ၂.၂ | -၅.၃ | ၁,၂၇၀,၀၄၀.၁ | ၂.၂ | ၅.၃ |
| ၂ | ကယားပြည်နယ် | ၁၇၆,၄၈၁.၆ | ၀.၃ | -၃.၂ | ၁၈၀,၀၂၇.၀ | ၀.၃ | ၂.၀ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၆,၂၃၈.၈ | ၂.၁ | -၁.၅ | ၁,၁၉၃,၇၅၈.၀ | ၂.၁ | ၅.၁ |
| ၄ | ချင်းပြည်နယ် | ၁၄၁,၃၆၆.၉ | ၀.၃ | -၂၄.၉ | ၁၄၂,၈၉၃.၁ | ၀.၂ | ၁.၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၈၆၈,၁၄၀.၂ | ၁၂.၅ | -၇.၅ | ၇,၂၀၇,၅၀၇.၀ | ၁၂.၆ | ၄.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၉၆၆,၆၄၃.၁ | ၃.၆ | -၄.၆ | ၂,၀၃၃,၈၂၅.၃ | ၃.၆ | ၃.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၂၅၈,၃၀၆.၀ | ၉.၅ | -၃.၅ | ၅,၄၈၅,၄၃၈.၄ | ၉.၆ | ၄.၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၃,၉၈၁,၄၄၇.၉ | ၇.၂ | -၁၁.၆ | ၄,၁၅၅,၅၇၇.၅ | ၇.၃ | ၄.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၁၈၀,၄၈၄.၁ | ၉.၄ | -၁၆.၅ | ၅,၃၀၂,၈၉၂.၂ | ၉.၃ | ၂.၄ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၄၅,၉၃၃.၉ | ၄.၃ | -၁.၉ | ၂,၄၅၈,၅၅၈.၉ | ၄.၃ | ၄.၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၂၂၉,၈၀၄.၂ | ၄.၀ | -၁၀.၄ | ၂,၂၃၉,၈၈၂.၆ | ၃.၉ | ၀.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၅၈၇,၃၂၂.၃ | ၂၄.၇ | -၁၁.၆ | ၁၄,၁၅၁,၅၇၁.၉ | ၂၄.၈ | ၄.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၃၆၃,၉၉၅.၆ | ၆.၁ | -၃.၈ | ၃,၄၅၂,၉၁၀.၉ | ၆.၀ | ၂.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၅၇၀,၅၈၃.၃ | ၁၁.၉ | -၃.၀ | ၆,၇၈၀,၇၆၃.၉ | ၁၁.၉ | ၃.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၀၄၇,၈၇၀.၄ | ၁.၉ | -၆.၁ | ၁,၀၇၀,၄၃၉.၃ | ၁.၉ | ၂.၂ |

ပူးတွဲ-၄

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း
# ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆,၆၃၂,၅၄၃.၁** | **၂၄.၀** | **၁၇,၆၀၉,၉၀၅.၃** | **၂၃.၆** | **၅.၉** |
| | ၁ | လယ်ယာ | ၁၁,၄၆၂,၃၃၇.၁ | ၁၆.၅ | ၁၂,၀၅၇,၈၄၈.၈ | ၁၆.၁ | ၅.၂ |
| | ၂ | သားငါး | ၅,၁၃၅,၂၃၃.၈ | ၇.၄ | ၅,၅၁၉,၂၇၂.၇ | ၇.၄ | ၇.၅ |
| | ၃ | သစ်တော | ၃၄,၉၇၂.၂ | ၀.၁ | ၃၂,၇၈၃.၈ | ၀.၁ | -၆.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၅,၉၁၃,၆၀၉.၁** | **၃၇.၂** | **၂၈,၆၇၃,၃၇၁.၀** | **၃၈.၂** | **၁၀.၆** |
| | ၁ | စွမ်းအင် | ၁,၅၉၁,၅၈၃.၆ | ၂.၃ | ၁,၈၀၈,၇၈၂.၀ | ၂.၄ | ၁၃.၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၀၁,၄၈၆.၃ | ၀.၇ | ၆၆၈,၃၁၁.၃ | ၀.၉ | ၃၃.၃ |
| | ၃ | စက်မှုလက်မှု | ၁၉,၂၂၀,၁၂၁.၄ | ၂၇.၆ | ၂၁,၀၆၉,၇၂၁.၁ | ၂၈.၁ | ၉.၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၉၀၉,၃၈၅.၈ | ၁.၃ | ၁,၁၉၈,၀၀၁.၈ | ၁.၆ | ၃၁.၇ |
| | ၅ | ဆောက်လုပ်မှု | ၃,၆၉၁,၀၃၂.၀ | ၅.၃ | ၃,၉၂၈,၅၅၄.၈ | ၅.၂ | ၆.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၆,၉၉၂,၇၇၉.၀** | **၃၈.၈** | **၂၈,၆၀၉,၈၉၀.၆** | **၃၈.၂** | **၆.၀** |
| | ၁ | ပို့ဆောင်ရေး | ၆,၁၀၉,၄၃၂.၆ | ၈.၈ | ၆,၅၁၈,၁၆၅.၂ | ၈.၇ | ၆.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၁၀၆,၅၉၉.၄ | ၁.၆ | ၁,၀၁၉,၁၆၈.၂ | ၁.၄ | -၇.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၆၃,၆၄၂.၅ | ၀.၂ | ၁၈၄,၀၈၆.၈ | ၀.၂ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၇၉၈,၀၉၅.၈ | ၂.၆ | ၁,၈၀၃,၅၇၆.၂ | ၂.၄ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၈၁၆,၈၁၅.၇ | ၂.၆ | ၁,၉၅၁,၁၃၉.၃ | ၂.၆ | ၇.၄ |
| | ၆ | ကုန်သွယ်မှု | ၁၅,၉၉၈,၁၉၃.၀ | ၂၃.၀ | ၁၇,၁၃၃,၇၅၄.၉ | ၂၂.၉ | ၇.၁ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၆၉,၅၃၈,၉၃၁.၂** | **၁၀၀.၀** | **၇၄,၈၉၃,၁၆၆.၉** | **၁၀၀.၀** | **၇.၇** |

ပူးတွဲ-၅

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၂,၅၄၆,၁၅၂.၂** | **၆၁.၂** | **၄၆,၂၈၃,၂၇၆.၃** | **၆၁.၈** | **၈.၈** |
| | ၁ | လယ်ယာ | ၁၁,၄၆၂,၃၃၇.၁ | ၁၆.၅ | ၁၂,၀၅၇,၈၄၈.၈ | ၁၆.၁ | ၅.၂ |
| | ၂ | သားငါး | ၅,၁၃၅,၂၃၃.၈ | ၇.၄ | ၅,၅၁၉,၂၇၂.၇ | ၇.၄ | ၇.၅ |
| | ၃ | သစ်တော | ၃၄,၉၇၂.၂ | ၀.၁ | ၃၂,၇၈၃.၈ | ၀.၁ | -၆.၃ |
| | ၄ | စွမ်းအင် | ၁,၅၉၁,၅၈၃.၆ | ၂.၃ | ၁,၈၀၈,၇၈၂.၀ | ၂.၄ | ၁၃.၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၀၁,၄၈၆.၃ | ၀.၇ | ၆၆၈,၃၁၁.၃ | ၀.၉ | ၃၃.၃ |
| | ၆ | စက်မှုလက်မှု | ၁၉,၂၂၀,၁၂၁.၄ | ၂၇.၆ | ၂၁,၀၆၉,၇၂၁.၁ | ၂၈.၁ | ၉.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၉၀၉,၃၈၅.၈ | ၁.၃ | ၁,၁၉၈,၀၀၁.၈ | ၁.၆ | ၃၁.၇ |
| | ၈ | ဆောက်လုပ်မှု | ၃,၆၉၁,၀၃၂.၀ | ၅.၃ | ၃,၉၂၈,၅၅၄.၈ | ၅.၂ | ၆.၄ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၁၀,၉၉၄,၅၈၆.၀ | ၁၅.၈ | ၁၁,၄၇၆,၁၃၅.၇ | ၁၅.၃ | ၄.၄ |
| | ၁ | ပို့ဆောင်ရေး | ၆,၁၀၉,၄၃၂.၆ | ၈.၈ | ၆,၅၁၈,၁၆၅.၂ | ၈.၇ | ၆.၇ |
| | ၂ | ဆက်သွယ်ရေး | ၁,၁၀၆,၅၉၉.၄ | ၁.၆ | ၁,၀၁၉,၁၆၈.၂ | ၁.၄ | -၇.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၆၃,၆၄၂.၅ | ၀.၂ | ၁၈၄,၀၈၆.၈ | ၀.၂ | ၁၂.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၇၉၈,၀၉၅.၈ | ၂.၆ | ၁,၈၀၃,၅၇၆.၂ | ၂.၄ | ၀.၃ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၈၁၆,၈၁၅.၇ | ၂.၆ | ၁,၉၅၁,၁၃၉.၃ | ၂.၆ | ၇.၄ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | ၁၅,၉၉၈,၁၉၃.၀ | ၂၃.၀ | ၁၇,၁၃၃,၇၅၄.၉ | ၂၂.၉ | ၇.၁ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၆၉,၅၃၈,၉၃၁.၂** | **၁၀၀.၀** | **၇၄,၈၉၃,၁၆၆.၉** | **၁၀၀.၀** | **၇.၇** |

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း
# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
# စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှမတ်လ) (၆)လ ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၄၅၇,၃၉၄.၁ | ၂.၁ | ၁,၅၈၇,၁၇၉.၅ | ၂.၁ | ၈.၉ |
| ၂ | ကယားပြည်နယ် | ၂၁၇,၄၀၃.၃ | ၀.၃ | ၂၂၈,၃၇၁.၁ | ၀.၃ | ၅.၀ |
| ၃ | ကရင်ပြည်နယ် | ၁,၄၄၄,၂၄၅.၂ | ၂.၁ | ၁,၅၇၅,၉၃၁.၈ | ၂.၁ | ၉.၁ |
| ၄ | ချင်းပြည်နယ် | ၁၇၅,၈၂၉.၉ | ၀.၂ | ၁၈၃,၅၀၈.၃ | ၀.၂ | ၄.၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၈၀၂,၇၆၅.၃ | ၁၂.၆ | ၉,၆၃၄,၅၄၄.၄ | ၁၂.၉ | ၉.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၄၆၅,၇၁၁.၂ | ၃.၅ | ၂,၆၃၉,၈၃၇.၄ | ၃.၅ | ၇.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၅၈၂,၆၄၀.၃ | ၉.၅ | ၇,၀၉၆,၁၄၄.၈ | ၉.၅ | ၇.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၂၂,၈၄၁.၀ | ၇.၄ | ၅,၅၇၀,၄၈၂.၄ | ၇.၄ | ၈.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၆၁၉,၆၇၆.၃ | ၉.၅ | ၆,၉၉၈,၅၂၄.၂ | ၉.၄ | ၅.၇ |
| ၁၀ | မွန်ပြည်နယ် | ၂,၉၆၉,၀၃၆.၄ | ၄.၃ | ၃,၂၁၆,၂၁၈.၂ | ၄.၃ | ၈.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၆၈၄,၈၁၁.၉ | ၃.၉ | ၂,၈၈၃,၄၄၀.၁ | ၃.၉ | ၇.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၇,၇၁၆,၁၇၂.၈ | ၂၅.၅ | ၁၉,၁၀၇,၉၄၇.၄ | ၂၅.၅ | ၇.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၂၂၂,၃၁၀.၆ | ၆.၁ | ၄,၄၄၂,၇၁၄.၇ | ၅.၉ | ၅.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၈၄၀,၉၈၄.၅ | ၁၁.၃ | ၈,၄၄၈,၈၄၆.၁ | ၁၁.၃ | ၇.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၁၇,၁၀၈.၄ | ၁.၇ | ၁,၂၇၉,၄၇၆.၅ | ၁.၇ | ၅.၁ |